စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်

ဝက်လက်မြို့နယ်

မကျီးဖြူကျေးရွာအုပ်စု၊ မကျီးဖြူကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မကျီးဖြူကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဝက်လက်မြို့၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

၂၀၁၉ခု ၊ ဇွန်လ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၁

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၁

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၁

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ ၂

(ဂ) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ ၃

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ၄

(င) ပညာရေး ၄

(စ) ကျန်းမာရေး ၄

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၅

(ဇ) ကျား-မ ရေးရာ ၅

(ဈ) လူငယ်ဖွံ့ဖြိုးရေး ၅

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၆-၇

နောက်ဆက်တွဲ(၁) - ကျေးရွာဖွံ့ဖြိုးရေးဗျူဟာဇယား ၈

အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း ၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဇယား ၁၀

နောက်ဆက်တွဲ(၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

၁။ တည်နေရာနှင့် ပထဝီအနေအထား

မကျီးဖြူကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်မှ (၁၇)မိုင်အကွာတွင် တည်ရှိပြီး ရွှေဘို-မန္တလေးကားလမ်းအရှေ့ဘက်(၂)မိုင်(၅)ဖာလုံ ကျေးရွာအဝင်လမ်းမှ သွားရသောကျေးရွာဖြစ်ပါသည်။ အကျယ်အဝန်းအားဖြင့် (၅၀)ဧကခန့် ကျယ်ဝန်းပါသည်။ ကျေးရွာ၏ အနောက်မြောက်ဘက်တွင် မကျီးဖြူဆည်အမည်ရှိသော တူးမြောင်းရှိပါသည်။ ကျေးရွာ၏ ဘေးပတ်လည်တွင် လယ်စိုက်ခင်းများ ရှိပါသည်။ အရှေ့ဘက်နှင့် တောင်ဘက်တွင် ဂျုံ၊ နှမ်း၊ ကုလားပဲများ စိုက်ပျိုးကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျီး၊ ဇီး၊ ကုက္ကို၊ ထနောင်းနှင့် ကန္တာရအပင်များ ပေါက်ရောက်ပါသည်။ မိုးစပါး လယ်ဧက(၉၇၅)ဧက၊ နွေစပါးသီးထပ်စိုက်ပျိုးနိုင်သော ယာမြေ(၁၆၁၄)ဧကရှိပါသည်။ စားကျက်မြေ(၆၂)ဧက စုစုပေါင်း (၂၆၅၁)ဧက ရှိပါသည်။ မကျီးဖြူဆည်ရေသောက်ဧရိယာအတွင်းရှိသဖြင့် စိုက်ပျိုးရေ လုံလောက် စွာရရှိပါသည်။ သဘာဝဆေးဘက်ဝင်အပင်များအနေဖြင့် ကျောက်ကွဲ၊ မြင်းခွာ၊ ဆင်တုံးမန္တယ်နှင့် ဆင်နှာမောင်းပင်များ ပေါက်ရောက် ပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

မကျီးဖြူကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအားဖြင့် ရွာမိရွာဖအဖွဲ့၊ ရေကော်မတီ၊ ကျေးရွာမီးလင်းရေးကော်မတီ၊ လမ်းကော်မတီ၊ ကျောင်းကော်မတီ၊ လူမှုရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ ဓမ္မစကြာအဖွဲ့ဟူ၍ ရှိပါသည်။ ရပ်ရေးရွာရေးကိစ္စများတွင် အဖွဲ့အစည်းအားလုံးပူးပေါင်း၍ ကျေးရွာသူ/ သားများနှင့် အတူ ဆောင်ရွက်ကြပါသည်။ လမ်းကော်မတီမှ ဦးဆောင်ပြီး ကျေးရွာတောင်သူများ၏ ထည့်ဝင်ငွေများဖြင့် လမ်းပြုပြင်ခြင်းများ ဆောင်ရွက်ကြပါသည်။

ယခင်က ကျေးရွာဖွံ့ဖြိုးရေးအတွက် ရေရှည်စီမံချက်ချမှတ်၍ ဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်သော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲနည်းသင်တန်းတက်ရောက်ပြီးနောက် ကျေးရွာဖွံ့ဖြိုးရေးကို ရေရှည်ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခဲ့ပြီး ကျေးရွာ၏ လိုအပ်ချက်များကို စီမံချက်များ ရေးဆွဲထားရှိပြီးဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

မကျီးဖြူကျေးရွာတွင် အိမ်ထောင်စု(၂၉၅)စုရှိပြီး ကျား(၆၂၉)ဦး၊ မ(၇၃၀)ဦး၊ စုစုပေါင်း(၁၃၅၉) ဦးဖြစ်ရာ တစ်အိမ်ထောင်စုလူဦးရေပျမ်းမျှ (၄)ဦးခန့်ရှိပါသည်။ သို့ပါ၍ ကျေးရွာ၏ လူဦးရေမှာ တစ်အိမ်ထောင်လျှင် (၅)ဦးအောက်ဖြစ်သဖြင့် တစ်နိုင်ငံလုံးပျမ်းမျှလူဦးရေနှင့် ယှဉ်လျှင် အရင်းမြစ် နည်းနေပါသည်။ သို့ရာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ (၁၀၂၄)ဦးရှိသဖြင့် လူလတ်ပိုင်းများသည်ကို တွေ့ရပါသည်။

မကျီးဖြူကျေးရွာတွင် တောင်သူဦးရေများပြားပြီး ကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။ အိမ်ထောင်စု (၂၆၅)စုတွင် လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ပြီး လယ်မြေပိုင်ဆိုင်ကြသည်။ အဓိကဝင်ငွေရလုပ်ငန်းအဖြစ် တောင်သူ၊ ကျပန်းလုပကိုင်သူ(၃၀)အိမ်ထောင်စုရှိပါသည်။ စိုက်ပျိုးရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စက်ချုပ်နှင့် ဈေးရောင်းဝယ်ရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်ကိုင်သူများသည် ပျိုးနုတ်၊ ကောက်စိုက် လုပ်ကိုင်ကြပါသည်။

လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူများသည် မိုးစပါး၊ နွေစပါးသီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်း စိုက်ဧက(၂၅၈၉)ဧက ရှိပါသည်။ မိုးစပါးအနေဖြင့် ရွှေဘိုပေါ်ဆန်း(ဘေးကြား)ကို ဇန်နဝါရီလအတွင်း စိုက်ပျိုးကြပါသည်။ တစ်ဧကပျမ်းမျှ(၆၅)တင်းခန့်ထွက်ရှိ၍ အမြတ်ငွေရရှိမှုမှာ သင့်တင့်ပါသည်။ အမြတ်ငွေ သင့်တင့်ပါသည်။ ကျေးရွာရှိလယ်မြေများသည် မကျီးဖြူဆည်ရေသောက်ဧရိယာတွင်ရှိသဖြင့် နွေ၊ မိုး၊ ဆောင်း ရေလုံလောက်စွာ ရရှိနိုင်သည့် အခွင့်အလမ်းကောင်း ရှိပါသည်။ လယ်ယာသုံးစက်ကိရိယာများတွင် ပုဂ္ဂလိကပိုင် ထွန်စက်(၄)စီး၊ လယ်တွန်းထွန်စက်(၃၄)စီး၊ အစေ့ချကိရိယာ(၁)လုံး၊ ရေစုပ်စက်(၄၇)လုံး၊ ပိုင်ဆိုင်ကြပြီး ကျန်လယ်သမားများသည် ငှားရမ်းအသုံးပြုကြပါသည်။ လယ်သမားများသည် မိရိုးဖလာ စိုက်ပျိုးရေးနည်းစနစ်များဖြင့် စိုက်ပျိုးနေခြင်း၊ ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်းနှင့် ပိုးမွှားကာကွယ်ရေး စိုက်ပျိုးရေးနည်းပညာများ အားနည်းခြင်းတို့ကြောင့် သီးနှံများ ပိုးမွှားကျရောက်ကာ မြေဆီလွှာများ ပျက်စီးမှု ဖြစ်ပွားရပါသည်။ မိုးစပါး၊ နွေစပါးနှင့် အခြားသီးထပ်စိုက်ပျိုးခြင်းကြောင့်လည်း မြေဆီလွှာများ အရည်အသွေးကျဆင်းလာသည်ကို တွေ့ရပါသည်။ သို့ပါ၍ မြေဆီမြေလွှာကောင်းမွန်ရေးအသိပညာပေးခြင်း၊ သီးနှံပိုးမွှားရောဂါကာကွယ်ရေးအသိပညာပေးခြင်း၊ စိုက်ပျိုးရေးစက်ကိရိယာများအား နည်းစနစ်မှန်ကန်စွာ သုံးစွဲနည်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းများရရှိပါက သီးနှံအထွက်နှုန်းများ ပိုမိုမြင့်မားလာမည် ဖြစ်ပါ သည်။

မွေးမြူရေးတွင် ကျွဲ၊ နွားများကို လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အသုံးပြုရန်အတွက်သာ မွေးမြူကြပါသည်။ ဆိတ်မွေးမြူရေး(၄)အုပ်ရှိပြီး (၁)အုပ်လျှင် အကောင်ရေ(၂၀)ခန့် မွေးမြူမှုရှိပါသည်။

(၈) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

မကျီးဖြူကျေးရွာသည် ဝက်လက်မြို့နယ်(၁၇)မိုင်အကွာတွင်ရှိပြီး ရွှေဘို-မန္တလေးကားလမ်း အရှေ့ဘက်တွင် တည်ရှိပါသည်။ ကျေးရွာအရှေ့ဘက်တွင် ဘုန်းကြီးကျောင်း(၃)ကျောင်း၊ စေတီများ၊ ရေကန်(၅)ကန်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် စာသင်ကျောင်း၊ အနောက်ဘက် လယ်ကွင်းများ ဘေးတွင် မကျီးဖြူဆည်ရှိကာ ထိုဆည်မှ စိုက်ပျိုးရေ လုံလောက်စွာရရှိပါသည်။

ရွာအဝင်လမ်းမှာ မြေသားလမ်းဖြစ်ပြီး မိုးရာသီတွင် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ရာ၌ အခက်အခဲများကြုံတွေ့ရသဖြင့် ရွာအဝင်လမ်းအား ပြုပြင်ပေးရန် လိုအပ်ပါသည်။ ရွာတွင်းလမ်းမှာလည်း ကျောက်ခင်းလမ်းဖြစ်ပါသည်။ မန္တလေး-ရွှေဘိုလမ်းမှ ရွာသို့ဝင်လမ်းအား ကျောက်ချောခင်းပေးရန် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ တင်ပြထားပါသည်။

ကျေးရွာတွင် မူလွန်ကျောင်း(၁)ကျောင်းရှိပြီး ကျောင်းဆောင်(၃)ဆောင်ရှိပါသည်။ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ်ဆေးရုံသို့ (၅)မိုင်ခန့် သွားရောက်ကုသမှုခံယူရပါသည်။ ရွာသာကြီး၊ ဘုရားပြန်၊ ပြွန်ဦးဆေးပေးခန်းမှ လာရောက်ဆေးပေးတိုက်ကျွေးခြင်းများပြုလုပ် ပါသည်။

ကျေးရွာသောက်သုံးရေရရှိမှုတွင် ကျေးရွာပိုင်ကန်(၅)ကန်ရှိပြီး ရေတွင်း(၂)တွင်း၊ အများသုံးအဝိစိတွင်း(၁)တွင်း ပိုင်ဆိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ နီးစပ်ရာရေတွင်းများတွင် တွဲဘက် အသုံးပြုကြခြင်းဖြင့် သောက်သုံးရေလုံလောက်စွာ ရရှိပါသည်။ သောက်သုံးရေအရည်အသွေး စမ်းသပ်ထားခြင်းမရှိပါ။

မကျီးဖြူကျေးရွာသည် လျှပ်စစ်မီးမရရှိသေးသဖြင့် ဆိုလာမီးကို အများဆုံး အသုံးပြုကြပါသည်။ ကျေးရွာမီးလင်းရေးကော်မတီမှ ဓါတ်မီးတိုင်များ စိုက်ထူ၍ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိပြီးဖြစ်ပါသဖြင့် လျှပ်စစ်ဌာနမှ လျှပ်စစ်မီးသုံးစွဲခွင့်ရရှိပါက ကျေးရွာတစ်ရွာလုံး လျှပ်စစ်မီးသုံးစွဲနိုင်မည်ဖြစ်ပြီး အခြားကိုယ်ပိုင်စီးပွားလုပ်ငန်းများ ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်း(၃၄၄)လုံး၊ ရေဒီယို(၈၃)၊ တီဗွီ(၇၁)၊ ဂြိုလ်တုစလောင်း(၁၀)ရှိပြီး ဆိုလာစနစ်ကို အသုံးပြုပါသည်။ အိမ်ထောင်စုတိုင်း မိုဘိုင်းဖုန်းသုံးစွဲနိုင်သည်ဟု ဆိုရမည်ဖြစ်ပါသည်။ ဆက်သွယ်ရေးအပိုင်းမှာ မိုဘိုင်းဖုန်းအသုံးပြုကြပါသည်။ သတင်းနှင့်အချက်အလက် များကို ရေဒီယို၊ တီဗွီနှင့်ဂြိုလ်တုစလောင်းမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

မကျီးဖြူကျေးရွာတွင် စိုက်ပျိုးရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ် ချေးငွေကို လယ်(၁)ဧကလျှင် (၁၅၀၀၀၀/-)ဖြင့် (၁၀)ဧကအထိ ချေးယူရရှိနိုင်ပါသည်။ ကျေးရွာတွင် အခြားငွေကြေးဝန်ဆောင်မှု မရရှိပါ။

(င) ပညာရေး

မကျီးဖြူကျေးရွာတွင် အခြေခံမူလွန်ကျောင်းရှိပြီး ကျောင်းဆောင်(၃)ဆောင် ရှိပါသည်။ ကျောင်းဆောင်(၂)ဆောင်ကိုသာ အသုံးပြုပြီး ကျန်(၁)ဆောင်မှာ သက်တန်းလွန် အန္တရာယ်များသည့် အတွက် အသုံးမပြုရခြင်း ဖြစ်ပါသည်။ ကျောင်းဝန်းဧရိယာမှာ(၂)ဧက ကျယ်ဝန်းပြီး စာသင်ကျောင်း၏ ဧရိယာမှာ(၂၄၃၀)စတုရန်းပေ ကျယ်ဝန်းပါသည်။ သို့သော်လည်း အလယ်တန်းကျောင်း/ အထက်တန်းကျောင်းအဆင့်မရှိသဖြင့် ကျောင်းသား/သူများသည် ဆားတောင်ကျေးရွာသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ ဆားတောင် ကျေးရွာသို့ ကျောင်းတက်ရာ၌ ကလေးများအတွက် ကျောင်းအချိန်မီ သွားရောက်ရန် ခက်ခဲခြင်း၊ စာပေလေ့လာကျက်မှတ်ချိန်နည်းပါးခြင်းတို့ ကြုံတွေ့ရပါသည်။ အသက်မွေးဝမ်းကျောင်းပညာ ကျွမ်းကျင်မှုအနေဖြင့် တောင်သူအတတ်ပညာကိုသာ အများအားဖြင့် တတ်မြောက်ကြပြီး လူငယ်များအတွက် အခြားအသက်မွေး ဝမ်းကျောင်းပညာများ လိုအပ်မှုရှိနေပါသေးသည်။

(စ) ကျန်းမာရေး

မကျီးဖြူကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ။ စစ်ကိုင်းမြို့နယ် ဆားတောင်တိုက်နယ် ဆေးရုံသို့ သွားရောက်ကုသခြင်းနှင့် ရွာသာကြီး၊ ဘုရားပြန်၊ ပြွန်ဦးကျေးရွာများရှိ ဆေးပေးခန်းမှ ကလေးသူငယ်များနှင့်ကိုယ်ဝန်ဆောင်မိခင်များအား တစ်လလျှင်တစ်ကြိမ် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ကာကွယ်ဆေးထိုးပေးခြင်းနှင့် အားဆေးတိုက်ကျွေးခြင်းများလည်း ရှိပါသည်။ ရွှေဘိုမြို့၊ ဝက်လက်မြို့၊ ဆားတောင်ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကျန်းမာရေးဆိုးရွားသည့် အရေးပေါ် အခြေအနေများ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် အသက်ကြီးသည့် အရွယ်များအတွက် အချိန်မီကုသရန်အတွက် အနည်းငယ် အခက်အခဲရှိပါသည်။ သို့ပါ၍ ကျန်းမာရေးအသိပညာများနှင့် ကျန်းမာရေး စောင့်ရှောက်မှုများရရှိရန် ကျေးလက်ဆေးပေးခန်း လိုအပ်ပါသည်။ အာဟာရအနေဖြင့် ဆိုးရွားသော အခြေအနေ မကြုံတွေ့ရပါ။

အိမ်ထောင်စု(၂၉၅)စုတွင် ယင်လုံအိမ်သာ ကိုယ်ပိုင်သုံးစွဲသည့် အိမ်ထောင်စု (၂၅၁)စုရှိပါသည်။ ကျန်(၄၄)အိမ်ထောင်စုသည် နီးစပ်ရာဆွေမျိုးမိတ်ဆွေများထံတွင် ပေါင်းစပ်အသုံးပြုကြပါသည်။

(ဆ) ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မကျီးဖြူကျေးရွာ၏ ဘေးပတ်လည်တွင် လယ်မြေများရှိပါသည်။ မြေဆီလွှာများမှာ မူလအသင့် အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာသုံးစွဲမှု မမှန်ကန်ခြင်း၊ ပိုးမွှားကာကွယ်ရေးအတွက် ပိုးသတ် ဆေးသုံးစွဲမှုနည်းပညာများ အားနည်းခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာသည်ကို တွေ့ရ ပါသည်။ ကျေးရွာတွင် ဆိုးရွားသည့် သဘာဝအန္တရာယ် မကြုံတွေ့ရပါ။

(စ) ကျား-မ ရေးရာ

မကျီးဖြူကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင် ဆောင်ရွက်ကြပါသည်။ ဓမ္မစကြာအဖွဲ့ဖွဲ့စည်းထားမှုရှိပါသည်။ အမျိုးသမီးများသည် လယ်ယာစိုက်ပျိုးရေး တွင် ကောက်စိုက်၊ ပျိုးနုတ်ခြင်းများ၊ ယက္ကန်းယက်ခြင်းများ လုပ်ကိုင်ကြပါသည်။ ဘာသာရေးပွဲတော်များ၊ လူမှုရေးကိစ္စရပ် များတွင် အမျိုးသားများနှင့်အတူ ပူးပေါင်း ဆောင်ရွက်ကြပါ သည်။

(ဈ) လူငယ်ဖွံ့ဖြိုးရေး

ကျေးရွာရှိ လူငယ်များသည် လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးကိစ္စများတွင် တက်ကြွဝင်စွာ ပါဝင်ဆောင်ရွက်ကြပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် အသင့်အတင့်သာရှိပါသည်။ လူငယ်များသည် စိုက်ပျိုးရေးလုပ်ငန်းပြီးဆုံးချိန်တွင် အခြားအလုပ်အကိုင် အခွင့်အလမ်းများ လုပ်ကိုင်နိုင်ရန်အတွက်မူ အသက်မွေးဝမ်းကျောင်းပညာများ လိုအပ်နေပါသေးသည်။ အားလပ်ချိန်များတွင် စာကြည့်တိုက်မရှိခြင်း၊ ဘောလုံးကွင်းကဲ့သို့သော အားကစားပြုလုပ်ရန် ဘောလုံး ကွင်းမရှိခြင်းတို့ကြောင့် အားလပ်ချိန်များတွင် မိုဘိုင်းဖုန်းသုံးစွဲမှု များလာပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

ဝက်လက်မြို့နယ်၊ မကျီးဖြူကျေးရွာအုပ်စု၊ မကျီးဖြူကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	ရေပေးရေး	ရေပိုက်လိုင်းများ အိမ်တိုင်ရာရောက်ရရှိရေး	၁
၂	ကျန်းမာရေး	ကျေးလက်ဆေးပေးခန်းရရှိရေး	၂
၃	အဆောက်အဦး	ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း	၃
၄	မီးလင်းရေး	လျှပ်စစ်မီးရရှိရေး	၄
၅	စိုက်ပျိုးရေး	စိုက်ပျိုးရေးအသိပညာတိုးပွားရေး	၅

ဝက်လက်မြို့နယ်၊ မကျီးဖြူကျေးရွာအုပ်စု၊ မကျီးဖြူကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မည့်ကာလ

စဉ်	ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်	၂၀၁၈-၂၀၁၉	၂၀၁၉-၂၀၂၀	၂၀၂၀-၂၀၂၁	၂၀၂၁-၂၀၂၂	၂၀၂၂-၂၀၂၃
၁	ရေပိုက်လိုင်းများ အိမ်တိုင်ရာရောက်ရရှိရေး	၁	Â				
၂	ကျေးလက်ဆေးပေးခန်းရရှိရေး	၂		Â			
၃	ကျေးရွာအဝင်လမ်း ကျောက်ခဲလမ်းခင်းခြင်း	၃			Â		
၄	လျှပ်စစ်မီးရရှိရေး	၄				Â	
၅	စိုက်ပျိုးရေးအသိပညာတိုးပွားရေး	၅					Â

နောက်ဆက်တွဲ(၁)

ဝက်လက်မြို့နယ်၊ မကျီးဖြူကျေးရွာအုပ်စု၊ မကျီးဖြူကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	သောက်သုံးရေလွယ်ကူစွာမရရှိခြင်း	မိုးရွာလျှင် သွားလာရခက်ခဲခြင်း	ရေရရှိနိုင်မှုအားကောင်းခြင်း	ရန်ပုံငွေမလုံလောက်ခြင်း	ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ရေပိုက်လိုင်းများ ဖြင့် အိမ်အရောက်ရရှိရေး
၂	သက်ကြီးရွယ်အို၊ ကိုယ်ဝန်ဆောင်များ အဝေးသို့သွားရောက်ကုသရခြင်း	ဆေးပေးခန်းလိုအပ်ခြင်း	ကျန်းမာရေးဝန်ထမ်းရှိခြင်း	ဆေးပေးခန်းဆောက်ရန် ငွေအင်အားမတတ်နိုင်ခြင်း	ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဆေးပေးခန်းရရှိရေး
၃	မိုးရာသီတွင် သွားလာရေးခက်ခဲခြင်း	လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လိုခြင်း	အမာခံလမ်းရှိပြီးဖြစ်ခြင်း	ငွေကြေးမတတ်နိုင်ခြင်း	သက်ဆိုင်ရာဌာနနှင့် ရွာမှ လူများငွေအင်အား၊ လူအင်အားပူးပေါင်းဆောင်ရွက်ခြင်း	ရွာပြင်လမ်းအားကျောက်ချောလမ်းရရှိရေး
၄	စိုက်ပျိုးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်း	ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအတွက် ကောင်းမွန်စေခြင်း	မီးတိုင်နှင့် လျှစ်မီးကြိုးများ သွယ်တန်းပြီးစီးခြင်း	ငွေကြေးမတတ်နိုင်ခြင်း	ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	လျှပ်စစ်မီးရရှိရေး
၅	သီးနှံထွက်နှုန်းနည်းပါးခြင်း	စိုက်ပျိုးရေးနည်းစနစ်မှန်ကန်မှုမရှိခြင်း	လယ်ယာမြေများပြားခြင်း	မိုးကောင်းတောဖြစ်ခြင်း	ကျေးရွာမှသက်ဆိုင်ရာဦးစီးဌာနဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	စိုက်ပျိုးရေးအသိပညာအခြေအနေကောင်းများရရှိရေး

ဝက်လက်မြို့နယ် ၊ မကျီးဖြူကျေးရွာ အဆိုပြုစီမံချက်ရွေးချယ်မှု ရမှတ်ပေါင်း

စဉ်	စီမံချက်	အမှတ်ပေးသူ ၁	အမှတ်ပေးသူ ၂	အမှတ်ပေးသူ ၃	အမှတ်ပေးသူ ၄	အမှတ်ပေးသူ ၅	အမှတ်ပေးသူ ၆	အမှတ်ပေးသူ ၇	အမှတ်ပေးသူ ၈	အမှတ်ပေးသူ ၉	အမှတ်ပေးသူ ၁၀	ရမှတ်စုစုပေါင်း
၁	ရေပိုက်လိုင်းများ အိမ်တိုင်ရာရောက်ရရှိရေး	၁၀	၁၀	၁၀	၉	၁၀	၈	၈	၁၀	၁၀	၁၀	၉၅
၂	ကျေးလက်ဆေးပေးခန်းရရှိရေး	၁၀	၁၀	၈	၉	၁၀	၇	၆	၁၀	၉	၈	၈၇
၃	ကျေးရွာအဝင်လမ်း ကျောက်ချောလမ်းခင်းခြင်း	၅	၇	၈	၅	၆	၈	၉	၉	၅	၄	၆၆
၄	လျှပ်စစ်မီးရရှိရေး	၇	၅	၅	၃	၈	၇	၃	၆	၄	၅	၅၃
၅	စိုက်ပျိုးရေးအသိပညာတိုးပွားရေး	၄	၅	၂	၆	၅	၃	၄	၆	၇	၃	၄၅

ဝက်လက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မကျီးဖြူကျေးရွာအုပ်စု၊ မကျီးဖြူကျေးရွာ ကော်မတီဖွဲ့စည်းထားရှိမှုအခြေအနေ

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	ဖွဲ့စည်း သည့်နေ့	ကော်မတီဖွဲ့စည်းမှု			စာရင်းရှင်အမှတ်	ဖွင့်လှစ်သည့် နေ့စွဲ	မှတ်ချက်
				အမည်	တာဝန်	မှတ်ပုံတင်အမှတ်			
၁	မကျီးဖြူ	မကျီးဖြူ	၂၁.၁.၂၀၁၉	ဦးရီမိုး	ဥက္ကဋ္ဌ	၅/ဝလန(နိုင်)၀၄၅၅၅၄	F-232	၂၉.၁.၂၀၁၉	
၂	″	″		ဦးမြင့်ထွန်း	အတွင်းရေးမှူး	၅/ဝလန(နိုင်)၁၀၈၈၈၆			
၃	″	″		ဦးမင်းမင်းထွေး	ဘဏ္ဍာရေးမှူး	၅/ဝလန(နိုင်)၁၂၁၃၂၅			
၄	″	″		ဒေါ်ဥမ္မာခိုင်	စာရင်းကိုင်				
၅	″	″		ဒေါ်ကြည်ကြည်ဝင်း	အဖွဲ့ဝင်				
၆	″	″		ဦးတင်ထွန်း	အဖွဲ့ဝင်				

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၁	၁၈	၂၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၅	၃၃	၆၈
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၃၇	၂၈	၆၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၁	၃၈	၆၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၆၉	၅၅၅	၁၀၂၄
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄၆	၅၈	၁၀၄
စုစုပေါင်း		**၆၂၉**	**၇၃၀**	**၁၃၅၉**
စုစုပေါင်း အိမ်ထောင်စု		**၂၉၅**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးရှိ ပုံစံ(၆၆/၆)ကို အခြေခံ၍ အိမ်ထောင်စု(၁)ဦးချင်း ပြုစုတင်ပြထားပါသည်။ နို့စို့အရွယ်အလွန်နည်းပါးပြီး အလုပ်လုပ်သူအရွယ် များပြားနေပါသည်။ ကျန်အရွယ် များမှာ သင့်တင့်မှုရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ် ထောင်စု	မိသားစု ဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၂၆၅			မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၀			မြင့် ☐ လတ်☐ နိမ့် ☑
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစု ဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း/ ရာသီအလိုက် အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင်

ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ လယ်ယာစိုက်ပျိုးရေး၊ ဆံပင်အလှပြင်၊ အပ်ချုပ်၊ ပန်းရံ၊ လက်သမား၊ အလုပ်သမားစသည့် ကိုယ်ပိုင်လုပ်ငန်းများဖြင့် ရပ်တည်နိုင်မှုရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၃၅၀၀	၅၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၄၀၀၀	၇၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား		၅၀၀၀		၃၀၀၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ လယ်ယာစိုက်ပျိုးရေး အင်္ဂါပျိုးနှုတ်ခြင်းလုပ်အားခကို ကျား–အမြင့်ဆုံး ၇၀၀၀/၊ အနိမ့် ၅၀၀၀/နှင့် မ– အမြင့်ဆုံး ၅၀၀၀/၊ အနိမ့် ၃၅၀၀/၊ အမျိုးသမီးများ အလှပြင်၊ အပ်ချုပ်စက် တစ်နေ့ဝင်ငွေ အမြင့် ဆုံး ၅၀၀၀/၊ အနိမ့် ၃၀၀၀/ အထိ ရရှိကြပါသည်။ ဆောက်လုပ်ရေး၊ ပန်းရံ ကျား– အမြင့်ဆုံး ၁၀၀၀၀/၊ အနိမ့် ၄၀၀၀/ ရရှိကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၉၇၅	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁၆၁၄	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☑
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☑
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☑
စားကျက်မြေ	၆၂	ကောင်း ☐	သင့်☑	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☑	ညံ့ ☐
စုစုပေါင်း	၂၆၅၁	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။လယ်မြေ(၉၇၅)ဧက၊ ယာမြေ(၁၆၁၄)ဧက၊ စားကျက်မြေ(၆၂)ဧကရှိပြီး၊ မိုးစပါး စိုက်ပျိုး၍ နွေစပါး စိုက်ပျိုးခြင်းမရှိပါ။ ဆောင်းသီးနှံအဖြစ် ကုလားပဲ၊ နှမ်း၊ ဂျုံ၊ ပြောင်းများကို စိုက်ပျိုးကြ ပါသည်။ မြေဆီလွှာမှာ အသင့်အတင့်ကောင်းမွန်သည့် အနေအထားရှိပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)				အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐	သင့်☐	နည်း ☐	မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐	သင့်☐	နည်း ☑	မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐	သင့်☑	နည်း ☐	မရှိ ☐	လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐	သင့်☐	နည်း ☑	မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာတွင် လယ်မြေ၊ ယာမြေများသာရှိပြီး ဓါတ်သတ္တုနှင့်အခြား သဘာဝအရင်းအမြစ်များ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၂.၅ကေအထက်	၅ကေမှ ၁၂.၅ကေ	၂.၅ကေမှ ၅	မြေယာမဲ့
အိမ်အခြေအနေ	တိုက်အိမ်-၂၀	သွပ်မိုး၊ဝါး၊ထရံ ကာ-၁၅၀	ထန်းရွက်မိုး၊ ထရံ ကာ-၁၀၀	တဲအိမ်ငယ် - ၂၅
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊လက်တွန်း၊ ရေစုပ်စက်၊ အစေ့ချစက်	ရေစုပ်စက်၊ လက်တွန်း	နွား	-
အဓိကစီးပွားရေး လုပ်ငန်း	တောင်သူ	တောင်သူ	တောင်သူ/ ကျပန်း လုပ်သား	ကျပန်း/လုပ်သား
အိမ်ထောင်စု	၆၅	၁၃၆	၆၄	၃၀

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာတွင် ဥစ္စာဓနအဆင့်(၄)ဖြင့် သတ်မှတ်ဖော်ထုတ်ထားပါသည်။ အဆင့်(၁)မှာ (၆၅)ဦး၊ အဆင့်(၂)မှာ (၁၃၆)ဦး၊ အဆင့်(၃)မှာ (၆၄)ဦး၊ အဆင့်(၄)မှာ (၃၀)ဦးဟူ၍ ခွဲခြားထား ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = အစာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = စာလျှော့စား = အထောက်အပံ့ယူ = ချေးယူ = လုပ်အားခကြိုယူ =

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကူညီစောင့်ရှောက်မှု အထူးကိုလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေလုံးဝမရှိသောကြောင့် ဖြစ်သည်။ အခြားသောဒေသအသီးသီးကို သွားရောက်လုပ်ကိုင်ခြင်းမရှိပါ။ ရွာ၏ လယ်ယာမြေစိုက်ပျိုးရေးနှင့် အလှပြင်၊ စက်ချုပ် အခြားဝင်ငွေရလုပ်ငန်းများသာ လုပ်ကိုင်ကြခြင်းပင် ဖြစ်ပါသည်။

(c-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။သာမန်အားဖြင့် လူမှုရေး၊ စီးပွားရေး အသင့်အတင့်ရှိပါသည်။ လမ်းပန်း ဆက်သွယ်ရေး မကောင်းပါသဖြင့် ဝန်ဆောင်မှုလက်လှမ်းမမှီသေးပါ။ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ အနည်းငယ်ကြုံတွေ့ရနိုင်ပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐	လတ် ☐	နိမ့်☑	မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑
၁၉	ရွှေပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ထိခိုက်လွယ်သည့် အခြေအနေနှင့် ထိခိုက်လွယ်သူများအနေအထားသည် သာမန်အားဖြင့် ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်သော အကျိုးဆက်များနှင့် သဘာဝဘေးအန္တရာယ် နှင့် ဆက်သွယ်သည့်ထက် လူမှုရေး၊ စီးပွားရေး အနေအထားကြောင့် ထိခိုက်သည့်အနေအထားအဖြစ် တွေ့ရသည်။ လူငယ်များအနေနှင့် သောက်စားမူးယစ်သွားလာခြင်းမှလည်း ထိခိုက်လွယ်မှု အနည်းငယ်ရှိသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁☑ ၂☐ ၃☐	၉	-	၉	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☑ သင့် ☐ ညံ့ ☐
၂	ရေကော်မတီ	၁☑ ၂☐ ၃☐	၈	၃	၁၁	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☑ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☑ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၃	မီးကော်မတီ	၁☑ ၂☐ ၃☐	၁၃	-	၁၃	ပညာရေး ☐ ငွေကြေး ☐	ကောင်း ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☑ ညံ့ ☐
၄	လမ်း ကော်မတီ	၁☑ ၂☐ ၃☐	၅	-	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၅	ကျောင်း ကော်မတီ	၁☑ ၂☐ ၃☐	၄	-	၄	ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၆	မီးသတ်အဖွဲ့	၁☑ ၂☐ ၃☐	၄၆	-	၄၆	ပညာရေး ☐ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☑	ကောင်း ☐ သင့် ☑ ညံ့ ☐
၇	ပရဟိတ အဖွဲ့	၁☐ ၂☐ ၃☑	၇၅	၇၅	၁၅၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☑ သင့် ☐ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအခြေပြအဖွဲ့အစည်းများတွင် စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှု အခြေခံဖြင့် မျိုးစုံသော အဖွဲ့အစည်းများ စုစုပေါင်း(၇)ဖွဲ့ထိရှိကာအများစုမှာ စွမ်းဆောင်မှုအား အသင့်အတင့် ရှိကြောင်း ဖော်ပြထားပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	**အဖွဲ့အစည်း အမျိုးအစား** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်** (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေးကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ခမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** - Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ မကျီးဖြူကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးလုပ်ကိုင်သည့် ပြင်ပအဖွဲ့အစည်းများမရှိပါ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၀	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	-	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၆၄	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၁၃၆	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၆၅	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၉၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ မြေယာမဲ့(၃၀)ဦးရှိပြီး အိမ်ထောင်စု(၂၆၅)စုမှ လယ်ယာစားကျက်မြေ (၂၅၈၉)ဧကာ ပိုင်ဆိုင်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၂	ရေလွှဲဆည်		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐

စဉ်	အရင်းအမြစ်	ရေသောက်(ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၆	လက်ငင် ရေတွင်း		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☑ မဖြေဆိုပါ☐	ရှိ☐ မရှိ☑ မဖြေဆိုပါ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာ၏ လယ်ယာမြေများမှာ မကျီးဖြူဆည်ရေကို အားထားစိုက်ပျိုးရပါသည်။ သီးနှံများကို ရာသီအလိုက် စိုက်ပျိုးနိုင်သော်လည်း တနှစ်ပတ်လုံး ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
စပါး	၉၇၅	တင်း	၁၀	၅၀	၃၀			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ကုလားပဲ	၁၀၀၅	တင်း	၅	၁၀	၇			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
ဂျုံ	၂၀၀	တင်း	၅	၁၀	၇			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
နှမ်း	၃၀၉	တင်း	၁.၅	၃	၂			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☑ နိမ့်☐
ပဲစိမ်းငုံ	၅၀	တင်း	၁	၃	၂			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
မြေပြေ	၅၀	တင်း	၁၀	၂၀	၁၅			မြင့်☐ လတ်☐ နိမ့်☑	မြင့်☐ လတ်☐ နိမ့်☑
								မြင့်☐ လတ်☐ နိမ့်☐	မြင့်☐ လတ်☐ နိမ့်☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာသည် အဓိကသီးနှံစပါးကို စိုက်ပျိုးကြပြီး သစ်စေ့များဖြစ်ကြ သော ကုလားပဲ၊ ဂျုံ၊ နှမ်း၊ ပဲစိမ်းငုံ၊ မြေပဲတို့ကို စိုက်ပျိုးကြ၍ ရာသီဥတုအခြေအနေပေါ်မူတည်ပြီး ထွက်နှုန်း များ ပြောင်းလဲမှုဖြစ်ပေါ်နိုင်ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	၄ားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၄			
လက်တွန်းထွန်စက်	၃၄			
အစေ့ချ ကိရိယာ	၁			
ရိတ်သိမ်းခြေလှေ့စက်	-			
ရိတ်သိမ်းစက်	-			
ခြေလှေ့စက်	-			
ရေစုပ်စက်	၄၇			
ခြေနင်းရေတင်စက်	-			
မြက်ရိတ်စက်	-			

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။စပါးစိုက်ပျိုး/ရိတ်သိမ်းချိန်များတွင်ကိုယ်ပိုင်မရှိသူများသည် ပုဂ္ဂလိက လက်တွန်းထွန်စက်/ ရိတ်သိမ်းခြေလှေ့စက်များကို ၄ားရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း☐ ကောင်း☐ သင့်တင့်မျှတ☑ မဖြေဆိုပါ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ☐ အသင့်အတင့်ရှိ☑ မဖြေဆိုပါ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ☐ ရသည် ☑ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☑ မဖြေဆိုပါ ☐**
သဘာဝဗြေဆွေး / အော်ဂဲနစ် မြေဩာ နှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်☐ ဝယ်ယူရနိုင်သည် ☑ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်☐ ရနိုင်သည်☑ မဖြေဆိုပါ ☐**
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ☐ သီးနှံများကို ရောင်းချနိုင်သည် ☑ မဖြေဆိုပါ ☐**

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာ၏ သီးနှံထွက်နှုန်းတိုးစေရန် အခွင့်အလမ်းများရှိသော်လည်း နည်းစနစ်များ မှန်ကန်တိကျမှု အားနည်းသောကြောင့်အခွင့်အလမ်းများ မရရှိခြင်းဖြစ်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☑ မဖြေဆိုပါ☐**
လယ်ယာမြေ အသုံးချနိုင်မှု	**လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐** **လယ်ယာမြေဆုံးရှုံးမှုများသည် ☐** **လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☑** **ပလပ်မြေများရှိသည် ☐** **ပလပ်မြေအသင့်အတင့်ရှိသည်☑ မဖြေဆိုပါ ☐**
စိုက်ပျိုးရေ အရင်းအမြစ်	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူမရနိုင် ☑ လုံးဝမရ ☐ မဖြေဆိုပါ ☐**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကိုလွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ ☑** **သီးနှံများကိုရောင်းချရန်စျေးကွက်မရှိပါ ☐ မဖြေဆိုပါ ☐**
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	**ဆိုးရွားစွာကျ ☑ အသင့်အတင့်ကျ ☐ အနည်းငယ် ☐** **မဖြေဆိုပါ ☐**

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။မကျီးဖြူကျေးရွာတွင် စိုက်ပျိုးသီးနှံများသည် ဖျက်ပိုးနှင့်ရောဂါကျရောက်ခြင်း ရရှိသည့် သီးနှံများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်မှုမရှိခြင်း၊ စိုက်ပျိုးရေးနည်းပညာတိုကျမှု အားနည်းခြင်းကြောင့် သီးနှံထုတ်လုပ်မှုအတွက် အခက်အခဲများရှိနေပါသည်။

(ခ–၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၄၈	၁၃၀၀
နို့စားနွား		
ကျွဲ		
မြင်း		
မြည်း		
